# လက်ရှိ မြေနှင့်သက်ဆိုင်သောဥပဒေများနှင့် ၎င်းတို့ကိုပြင်ဆင်ရေးဆွဲမှုများအပေါ်

# ပဲခူးတိုင်းအနောက်ခြမ်းမှအဖွဲ့အစည်းများ၏ သဘောထားကြေညာချက်

# (လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေနှင့် မြေသိမ်းဥပဒေကြမ်း)

၁။ ၂၀၁၈ -ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့၊ ပြည်မြို့တွင်ပြုလုပ်သော လက်ရှိမြေနှင့် သက်ဆိုင်သည့်ဥပဒေများ၊ ပြင်ဆင်ဆဲဥပဒေကြမ်းများအပေါ် သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းအနောက်ခြမ်းဒေသများမှ မြေယာအရေးဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့ (၄၀) ဖွဲ့ တက်ရောက်ခဲ့ကြပြီး အောက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

၂။ လက်ရှိဖြစ်ပေါ်နေသော မြေယာပြဿနာများကိုဖြေရှင်းရန်အတွက် မြေယာဆိုင်ရာဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ ဖျက်သိမ်းခြင်းများပြုလုပ်ရန် အမှန်တကယ် လိုအပ်သည်။ သို့သော် အစိုးရမှ ယခုပြင်ဆင်ရေးဆွဲနေသည့် မြေယာဆိုင်ရာဥပဒေများသည် ထိုပြဿနာအရင်းအမြစ်များကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် ပိုမိုရှုပ်ထွေးစေနိုင်ပြီး တိုင်းရင်းသားပြည်သူများ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့သည့်မြေများကို အချိန်မရွေးသိမ်းယူနိုင်ရန် ပုံဖော်သည့် ဥပဒေများ ဖြစ်နေသည်။

၃။ လက်ရှိ လယ်ယာမြေဥပဒေ (၂၀၁၂) နှင့် မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ (၂၀၁၂) များသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို အထောက်အကူမပြုသော၊ မြေယာဆိုင်ရာ အခွင့်အရေးများအတွက် အာမခံချက်မပေးသော၊ မြေသိမ်းမှုကိုအားပေးသော ဥပဒေများဖြစ်သည်။ ၎င်းအပြင် အစိုးရကပြင်ဆင်ရေးဆွဲလျက်ရှိသည့် ၂၀၁၇-မြေသိမ်းဥပဒေကြမ်း၊ ၂၀၁၂-လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)၊ ၂၀၁၂-မြေလွတ်မြေလပ် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) များသည် ဒေသခံပြည်သူများ၏ ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ယဉ်ကျေးမှု၊ လူ့ဂုဏ်သိက္ခာတို့အတွက် မှီခိုရာ မြေယာ၊ ရေ၊ သားငါး၊ သစ်တော၊ စားကျက်မြေ အစရှိသည်တို့ကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသည်။

၄။ ၂၀၁၇-မြေသိမ်းဥပဒေကြမ်း၏ အောက်ပါအချက်များသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ၊ ဒီမိုကရေစီစံများနှင့် တိုင်းရင်းသားအခွင့်အရေးများကို ဆန့်ကျင်လျစ်လျူရှုပြီး မြေသိမ်းခြင်းကို အချိန်မရွေး၊ တရားဝင်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း ပေါ်လွင်သည့်အတွက် ဆန့်ကျင်ကန့်ကွက်ပါသည်။

· မြေ၏ မူလတန်ဖိုးများဖြစ်သော လူ့သိက္ခာ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ မြေပိုင်ဆိုင်မှုများကို အသိအမှတ်မပြုခြင်း၊

• ရှုပ်ထွေး၍ပွင့်လင်းမှုမရှိသော မြေယာစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ဖန်တီးထားခြင်း၊

• ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားအတွက်သာ ရှေ့ရှုဦးစားပေးထားပြီး ပွင့်လင်း မြင်သာမှုနှင့် တာဝန်ယူမှုကင်းမဲ့သည့်အတွက် ဥပဒေအလွဲသုံး၊ အဂတိလိုက်စားမှုကို ပိုမို အားပေးခြင်း၊

• မြေယာစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရာတွင် လွတ်လပ်သောစောင့်ကြည့်လေ့လာမှု ဖြစ်စဉ် မပါဝင်ခြင်း။

· ရွေးကောက်ခံမဟုတ်သည့် ပြည်ထဲရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အာဏာ အလုံးစုံ ပေးအပ်ထားသည့် အတွက် ၂၀၀၈ ဖွဲ့စည်းပုံကို ပိုမိုအားကောင်းစေခြင်း၊

• "အများပြည်သူအလို့ငှာ" ဆိုသည့်စကားရပ်ကို ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အတွက် မတရားသဖြင့် အနိုင်အထက်ပြု မြေသိမ်းခြင်းများကို တရားဝင်ဆောင်ရွက်ရန် အားပေးနေခြင်း

• ဥပဒေကြမ်းပါ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက်၊ အမျိုးသား စီးပွားရေးမူဝါဒအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်" စသော စကားရပ်များသည် တိုင်းရင်းသားဒေသများတွင် စစ်အင်အားချဲ့ထွင်ရေးကို တရားဝင်ဆောင်ရွက်ခွင့်ပေးသည့် သဘော သက်ရောက်နေသောကြောင့် ငြိမ်းချမ်းရေးကို တိုက်ရိုက်ထိခိုက်စေခြင်း၊

• ဒေသခံတိုင်းရင်းသား မြေယာအခွင့်အရေးကို အသိအမှတ်ကာကွယ်သည့် ပြဋ္ဌာန်းချက် မပါဝင်သည့်အပြင် မြေသိမ်းရန်သဘောမတူသူ တိုင်းရင်းသားပြည်သူများကို ရာဇဝတ်မှု ကျူးလွန်သူအဖြစ် ရည်ညွှန်းသတ်မှတ်၍ ပြစ်ဒဏ်ပေးရန် ဖော်ပြထားခြင်း။

၅။ ၂၀၁၂-လယ်ယာမြေဥပဒေနှင့် ၎င်းဥပဒေကိုပြန်လည်ပြင်ဆင်သည့် လယ်ယာမြေဥပဒေ (၂၀၁၇) တို့သည် အောက်ပါ မြေယာပြဿနာများကို ဖြစ်စေသည့်အတွက် ဖျက်သိမ်းသင့်ပါသည်။

· လူတစ်ဦးချင်း၏ပိုင်ဆိုင်မှုကို မှတ်ပုံတင်စေသည့်စနစ်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် အတွက် တရားဝင်မြေသိမ်းယူရေး အလွယ်တကူဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားခြင်း၊

• တောင်သူလယ်သမားများ၏ မြေယာအခွင့်အရေးကို အသိအမှတ်မပြုသည့်အပြင် မြေ အမျိုးအစားအဓိပ္ပါယ်ဖွင့်ဆိုချက်များသည် တိကျရှင်းလင်းမှုမရှိသည့်အတွက် လယ်သမား များကို ရာဇဝတ်မှုကျူးလွန်သူအဖြစ် တွန်းပို့လျက်ရှိနေခြင်း၊

• မြေယာပိုင်ဆိုင်မှုအထောက်အထားအသုံးပြု၍ မြေယာဈေးကွက်ကို အတိအလင်းဖော်ကာ မြေဝယ်/ မြေရောင်း/ လွဲပြောင်းခြင်းများ၌ မြေယာကို ရောင်းကုန်သဖွယ်ဖြစ်စေရန် တွန်းအားပေးထားသည့်အတွက် ဒေသခံတိုင်းရင်းသားများ မြေဆုံးရှုံးမှု ပိုမိုဆိုးဝါးစေခြင်း။

၆။ ၂၀၁၂-မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေသည်

· ဒေသခံများ၏မှတ်ပုံတင်ထားခြင်းမရှိသောမြေများကို ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသို့ခွဲဝေပေးနိုင်ရန် စီစဉ်ထားခြင်း၊

• မွေးရာပါမူလအခွင့်အရေးဖြစ်သည့် တိုင်းရင်းသားများ၏ မြေယာသဃံဇာတဆိုင်ရာ အခွင့်အရေးများ၊ မြေ/ရေ/အင်းအိုင်နှင့်သစ်တောများအား ဘုံပိုင်စနစ်နှင့် ဓလေ့ထုံးတမ်း အရ စီမံခန့်ခွဲလုပ်ပိုင်ခွင့်စနစ်များကို အသိအမှတ်မပြုခြင်းတို့ကြောင့် တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများအပါအဝင် လယ်ယာမြေလုပ်ကိုင်သူအများစုသည် ဤဥပဒေ အောက်တွင် "ကျူးကျော်နေထိုင်သူများ" အဖြစ် သတ်မှတ်ခံနေရသည့် အခြေအနေဖြစ်နေပါသည်။

ဤဥပဒေကို ပြန်လည်ပြင်ဆင်ထားသည့် (၂၀၁၇) မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေကြမ်း သည်လည်း ပိုမိုတင်းကြပ်သောထိန်းချုပ်မှုများ၊ ပြစ်ဒဏ်များ ထပ်မံဖြည့်စွက်ထားသည့်အတွက် တိုင်းရင်းသားများနှင့် နွမ်းပါးသူများကို ပိုမိုဖိနှိပ်သည့်ဥပဒေဖြစ်နေသောကြောင့် ဖျက်သိမ်းရန် တောင်းဆိုပါသည်။

၇။ တည်ဆဲ၊ ပြင်ဆင်၊ အသစ်ရေးဆွဲလျက်ရှိသည့် မြေနှင့်သက်ဆိုင်သောဥပဒေများသည် ဒီမိုကရေစီစံချိန်စံညွှန်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံညှိနှိုင်းမှုများ ပါဝင်သည့် ဥပဒေပြုရေးစံနှုန်းများ၊ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် လုံးဝကိုက်ညီမှုမရှိပဲ ဥပဒေတစ်ခုရေးဆွဲရာ၌လိုအပ်သည့် မူဝါဒ/မူဘောင်များအား လုံးဝ အခြေခံထားခြင်း မရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

၈။ သို့ဖြစ်၍ ၂၀၁၆-ခုနှစ်တွင် သမ္မတရုံးကအတည်ပြုခဲ့သော "အမျိုးသားမြေ အသုံးချမှုမူဝါဒ" ပါ ကောင်းမွန်သောအချို့အချက်အလက်များဖြစ်သည့် အောက်ပါအပိုင်းများကိုအခြေခံ၍ မြေနှင့် သက်ဆိုင်သော ဥပဒေများရေးဆွဲရမည်။

အပိုင်း (၅) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည် ထူထောင်ခြင်းနှင့် ပြန်လည်အစားထိုးဖြည့်ဆည်းပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုင်း (၆) မြေနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ခြင်းနှင့် အယူခံဝင်ခြင်း အပိုင်း (၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများ အပိုင်း (၁၀) ဥပဒေများ သဟဇာတဖြစ်စေခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်း အပိုင်း (၁၁) စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု

၉။ အနှစ်ချုပ်အားဖြင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အပြင် ငြိမ်းချမ်းရေးကို တိုက်ရိုက်ထိခိုက်စေမည့် ၂၀၁၂-မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေနှင့် ၎င်းကိုပြန်လည်ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) တို့ကို ဖျက်သိမ်းရန်၊ ၂၀၁၂-လယ်ယာမြေ ဥပဒေနှင့် ၎င်းကိုပြန်လည်ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) ကိုဖျက်သိမ်းရန်၊ တောင်သူလယ်သမားများ၊ တိုင်းရင်းသားပြည်သူလူထုများ၏ မြေယာအခွင့်အရေးများကို အပြည့်အဝဦးစားပေး ထည့်သွင်း

ရေးဆွဲထားသည့် မြေယာဥပဒေသစ်များ မရေးဆွဲနိုင်သရွေ့ ၂၀၁၇-မြေသိမ်းဥပဒေကြမ်းကို ပြဌာန်းခြင်းမပြုဘဲ လုံးဝဖျက်သိမ်းရန် ပဲခူးတိုင်းအနောက်ခြမ်းဒေသတွင်မြေယာအရေးလှုပ်ရှားနေသော အဖွဲ့အစည်းများမှ အလေးအနက် ထုတ်ပြန်ကြေညာလိုက်သည်။

**ဆက်သွယ်ရန် -**

ပြည် - မဇင်မာဝင်း ၀၉၄၂၃၇၀၁၄၀၉

ကြို့ပင်ကောက် - ဦးမုတ်ဆိတ် ၀၉၂၅၂၈၀၁၆၂၀

နတ္တလင်း - သန့်စင်ထက် ၀၉၄၂၃၇၁၉၈၆

သဲကုန်း - မညို ၀၉၇၇၁၉၂၁၉၂

ပြည် - ကိုကျော်ဆွေ ၀၉၂၅၇၆၀၅၉၂၉

**ပါဝင်သည့်အဖွဲ့အစည်းများ**

၁.တောင်သူလယ်သမားဖွံ့ဖြိုးရေးပါတီ -လက်ပံတန်း
၂.ကာရင်စာပေနှင့်ယဥ်ကျေးမှုအဖွဲ့ -လက်ပံတန်း
၃.မျက်ဝန်းသစ် -မိုးညို
၄.သူဌေးအုပ်စုလယ်သမားအဖွဲ့
၅.ဒေါင်းတမော့အုပ်စုလယ်သမားအဖွဲ့
၆.အမေ့မေတ္တာကွန်ရက်
၇. လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ -ဇီးကုန်း
၈. မိုးညိုလယ်သမားသမဂ
၉.CPRCG
၁၀.HRDP
၁၁.Light House
၁၂.ပြည်သူ့အထောက်အကူပြုကွန်ရက်
၁၃.၈၈/ငြိမ်းပွင့်
၁၄.နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် -ပြည်
၁၅.ပန်တောင်းလယ်သမားသမဂ
၁၆.လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ -ပြည်

၁၇.MFA

၁၈.NLD

၁၉.IPSJ

၂၀.ဂက်ထီးကန်တောင်သူအဖွဲ့

၂၁.ပြည်သူ့အကျိုးဆောင်ကွန်ရက် -နတ္တလင်း

၂၂.HIJI

၂၃.ဒီမိုကရက်တစ် မြန်မာ -သာယာဝတီ

၂၄.ပေါက်ခေါင်းလယ်သမားသမဂ

၂၅.သစ္စာပရဟိတ

၂၆. လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ -ရွှေတောင်

၂၇.ပေါင်းတလည်တောင်သူအဖွဲ့

၂၈.ကြို့ပင်ကောက် CSO အဖွဲ့

၂၉.အိုးဝေပညာဒါန

၃၀.AGFA

၃၁.သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက် -ပေါက်ခေါင်း

၃၂.ငြိမ်းချမ်းရေးကမ်းလက်

၃၃.သာယာဝတီတောင်သူလယ်သမားသမဂ

၃၄.UNDO

၃၅. နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် -ပေါင်းတည်

၃၆.လူ့အခွင့်အရေးချိုးဖေါက်မှုစုံစမ်းရေးကော်မတီ

၃၇.တည်ငြိမ်ထောက်ကူပြုရေး

၃၈.ဒို့မြေကွန်ရက် -LIOH

၃၉.မဟာလူမှုကူညီရေးအဖွဲ့

၄၀.မော်ဇာစာကြည့်တိုက်အဖွဲ့